
မိတ်ကားချိချိအနုပညာ
mgyoe.com

# ရယ်ရွှင်မြူး

ကလေးကဗျာများ

နန္ဒာမိုးကြယ်



mgyoe.com

mgyoe.com

# စတိုင်များတဲ့...

✦ ဘိုးဘိုးမျက်မှန် ယူကာတပ်လို့
သတင်းစာဖြန့် ဖတ်ကြည့်တယ်။

✦ စာလုံးတွေဟာ ထွားကာပြူးလို့
ကြည့်နေရင်းနဲ့ မူးလာတယ်။

✦ သတင်းစာဖယ် လမ်း ထလျှောက်တော့
ခေါက်ခနဲပ ခွေလဲတယ်။

✦ မဖြစ်ဘူးကွယ် မျက်မှန်ဖြုတ်မှ
ငုပ်တုတ် ထ,ထိုင်နိုင်တော့တယ်။

✦ မသင့်တော်တာ စတိုင်ထွားတော့
သူငယ်ချင်းများ ဝိုင်းလို့ရယ်
ရှက်စဖွယ်... ရှက်စဖွယ်။ ။



POEM0106
1,700.00KS

mgyoe.com

ရယ်ရွှင်မြူး ကလေးကဗျာများ၊ နန္ဒာမိုးကြယ်
မျက်နှာဖုံးပန်းချီနှင့် အတွင်းပန်းချီ- ဗိုသံ
စာမျက်နှာ ၁၀၁ မျက်နှာ၊ ၁၄ . ၅ စင်တီ× ၂၀ .၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# ရယ်ရွှင်မြူး

ကလေးကဗျာများ

---

နန္ဒာမိုးကြယ်

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ✣ | စကားဦး | ၆ |
| ၁။ | အသံများ | ၈ |
| ၂။ | ဟာသ | ၁၀ |
| ၃။ | ပြောင်းလဲလာသော... ဝလုံးများ | ၁၁ |
| ၄။ | ကမောက်ကမ | ၁၂ |
| ၅။ | မောင်လူပေါ | ၁၄ |
| ၆။ | ရူပါ ပုတ်သင်ညို | ၁၅ |
| ၇။ | အခါးမိသားစု | ၁၆ |
| ၈။ | မြဂနိုင်ဂီတ | ၁၈ |
| ၉။ | သားရဲ့ဝလုံး | ၁၉ |
| ၁၀။ | ရန်မီးငြိမ်းပါ | ၂၀ |
| ၁၁။ | စနေနံ | ၂၂ |
| ၁၂။ | မြန်မာ့ ဆေးမြီးတို | ၂၃ |
| ၁၃။ | သဘာဝ | ၂၄ |


mgyoe.com

mgyoe.com


၁၄။ ပတ်ဝန်းကျင် ၂၆

၁၅။ စ၊ စာ၊ စား ၂၇

၁၆။ ဖြေကြည့်ပါ ၂၈

၁၇။ ဖိုး(ဘ)ကုန်း ၃၀

၁၈။ ခိုင်, မာလာ, နှင်းဆီ ၃၁

၁၉။ နှိုးစက်ကြီး ၃၂

၂၀။ ပါပီမ (၁) ၃၄

၂၁။ သဘာဝရဲ့ သံစဉ်များ ၃၅

၂၂။ စတိုင်များတဲ့... သူ ၃၆

၂၃။ အင်္ဂလိပ်စာ လေ့ကျင့်ပါ ၃၈

၂၄။ သင်္ကေတ ၃၉

၂၅။ ဝလုံးကဗျာ ၄၀

၂၆။ ရှက်နောင်တ ၄၂

၂၇။ ပါပီမ (၂) ၄၃

၂၈။ သူတို့အကြိုက် ကိုယ့်အကြိုက် ၄၄

၂၉။ မုန့်ကြိုက်မလေး ၄၆

၃၀။ ကောက်သစ်စားပွဲ ၄၇

၃၁။ ကပ္ပိယသာဂိ ၄၈

၃၂။ ပဟေဠိ ၅၀

၃၃။ ရောဂါ ဂေဟာ ၅၁

၃၄။ ကြောင်ပျင်း ၅၂

၃၅။ ခွေးဆိုးအန္တရာယ် ၅၄

၃၆။ ကိုရွှေသာလိကာ ၅၅


mgyoe.com

mgyoe.com

၃၇။ မတော်တရော် ၅၆
၃၈။ ရွှေဝါပူစီ (၁) ၅၈
၃၉။ ချစ်ဘွားဘွား ၅၉
၄၀။ အကြောင်းရင်း ၆၀
၄၁။ ရွှေဝါပူစီ (၂) ၆၂
၄၂။ ရက်(ပ်)ပါ မျောက်ရှုံး ၆၃
၄၃။ တ-ဝမ်းပူကဗျာ ၆၄
၄၄။ စူပါပူစီ ၆၆
၄၅။ ကြောင်ငပေါ ၆၈
၄၆။ အခြေခံ ၇၀
၄၇။ ရုပ်ဆိုးလေး ၇၂
၄၈။ နာမ... ဟာသ ၇၃
၄၉။ ငှက်ကျေး အက်ဆေး ၇၄
၅၀။ အပျင်းထုတ်ဆေး ၇၆
၅၁။ အမေး, အဖြေ ၇၇
၅၂။ အကျိုးဆက် ၇၈
၅၃။ သားရဲ့ဖုန်း ၈၀
၅၄။ ကဗျာရွတ်ပွဲ ၈၂
၅၅။ လူနောက်ကလေး ၈၄
၅၆။ မုန်ကြိုက်သူ ၈၆
၅၇။ လှအိုးကွဲ ၈၇
၅၈။ ဉာဏ်ကြီးရှင် ၈၈
၅၉။ ဖိုးမောင်ဒုက္ခ ၉၀

mgyoe.com

mgyoe.com

၆၀။ သင်းတို့ နှစ်ကောင် ၉၁

၆၁။ အတို့အထောင် ၉၂

၆၂။ ဆိုပျော်ဖက်တီး ၉၄

၆၃။ တလွဲတချော် ၉၅

၆၄။ ကြောင်နှင့်ကြွက် ၉၆

၆၅။ က... ကာ... ကား ၉၈

၆၆။ ခွေးလည်လေး ၉၉

၆၇။ လက်မှိုင်ချ ၁၀၀

■

mgyoe.com

mgyoe.com

## စကားဦး

ပြုံးရယ်ရွှင်ပျ ကြည်နူးရခြင်းကို လူတိုင်း၊ အရွယ်မရွေး နှစ်သက်ကြလိမ့်မည်ဟု ယူဆပါသည်။

သည့်အတွက်ကြောင့်လည်း ကလေးငယ်များအပေါ် အဓိကထားလျက် ပြုံးရွှင်ရယ်မောနိုင်ကြစေရန် ရယ်မောဖွယ် ကဗျာကလေးများကို သီးသန့်ရေးဖွဲ့ စပ်ဆိုထားပါသည်။ ပညာပေးမှုလွန်ကဲလျှင် ကလေးများ ငြီးငွေ့သွားပါလိမ့်မည်။ သို့ဖြစ်၍ စိတ်ပျော်ရွှင်မှုကို အဓိကထား၍၊ ထိုမှ မသိမသာ အသိပညာတို့ ပေးထားပါသည်။

စင်စစ် ကလေးကဗျာသည် ရေးဖွဲ့ရ ခက်ခဲလှပါသည်။ ကဗျာ့ပုံသဏ္ဌာန်၊ ကာရန်ယူပုံစနစ်ကို သိနားလည်ရုံ၊ တတ်ကျွမ်းရုံဖြင့် ကလေးကဗျာ အစစ်အမှန်ဖြစ်လာမည်ဟု မယူဆပါ။ ကဗျာကို မြင်ရုံဖြင့် ကလေးတို့

mgyoe.com

mgyoe.com



ရွှတ်ချင်လာရမည်။ ဟန်အမူအရာတွေ ပါလာရမည်။ သုံးနှုန်းထားသော စာသားတို့ကို နားလည်လွယ်ရမည်။ အသံကာရန်တို့ ချိုမြပြီး နားစွဲလွယ်ရမည်။ တိုတိုနှင့် ထိထိမိမိဖြစ်ရမည်။ ကဗျာဆိုရင်း ပျော်ရွှင်ကြည်နူးနေရမည်။ သည်သို့ပင်. . . မိမိ သဘောရပါသည်။

ထိုသို့ သဘောရသည့်အလျောက်. . . ဤ 'ရယ်ရွှင်မြူး' အမည်ရှိ ကလေးကဗျာများကို ရေးဖွဲ့တင်ဆက်လိုက်ပါသည်။

အနာဂတ်အတွက် စံထားရမည့် စာပေချစ် လူချွန်လူမွန်ကလေးများ ဖြစ်ကြပါစေသတည်း။ ။


နန္ဒာသိုးကြယ်
(၂၆. ၈. ၂၀၁၉)

■

mgyoe.com

mgyoe.com

# အသံများ



mgyoe.com

## အသံများ

✦ 'အောက်အိအီး... အွတ်' ရင်ကော့ချီ
ကြက်ဖတွန်နေပြီ၊
'စိုးစီ... စိုးစီ' ... ဟစ်ကာကြွေး
နှံ့ပြည်စုတ်ငှက်လေး။

✦ အိမ်နောက်ဖေးက ခွေးတစ်ကောင်
တ 'ဝုတ် ဝုတ်' ... နဲ့ဟောင်၊
တ 'ညောင် ညောင်' ကြွယ့် အစာတောင်း
ကြောင်မ ဗိုက်ဟောင်းလောင်း။

✦ ချောင်းမြောင်းထဲရောက် ဘဲစုပါ
တ 'ဂပ် ဂပ်' ... နဲ့ကွာ၊
'ပဲ... ပဲ' မြည်တာ ဘယ်သူတုံး!
ညီထွေးဖြေပါအုံး။ ။

mgyoe.com

mgyoe.com

# ဟာသ

✦ ရေချိုးရမှာ အပျင်းထူ
အမြဲညစ်ပတ်သူ၊
နာမည်ကမူ အပျံစား
'မောင်ရှင်းသန့်' ... တဲ့လား။

✦ အသားရောင်က မည်းမှောင်စွာ
မီးသွေးခဲလိုပါ၊
အမည်သညာ ခေါ်တာကျ
'မောင်ဖြူဖွေး' ... တဲ့ဗျ။

✦ ဘယ်အခါမှ မငြိမ်ပေါင်
မျောက်မူးလဲတဲ့ကောင်၊
အဲသည်မောင်ကို အမည်ပေး
'မောင်ရေခဲ' ... တဲ့လေး။

✦ ငွေရေးကြေးရေး ကျပ်တည်းနေ
အမြဲ သူ မွဲတေ၊
ဒါပေမဲ့လေ အံ့ပါရဲ့...
'မောင်မောင်ငွေးကြွယ်' ... တဲ့။

✦ ပြောစရာကွယ့် ဤလောကီ
လက်ဖျား ခါလောက်သည်၊
လူနဲ့နာမည် စံတလွဲ
တကယ့် ဟာသပဲ။ ။

mgyoe.com

## ပြောင်းလဲလာသော... ဝလုံးများ


✦ တစ်လုံး,နှစ်လုံး သုံး,လေးလုံး
ညီညီ့ရဲ့ ဝလုံး။

✦ သည်ဝလုံးက ဘာနဲ့တူ
မုန့်လက်ကောက်နဲ့... တူ၊
နံပြားနဲ့တူ ဟို... ဝလုံး
မြင်တွေ့သူတိုင်း... ပြုံး။

✦ နောက်ထပ်ဝလုံး ရေးပြန်ပေ
ပြောကြ မုန့်လေပွေ၊
မကျေနပ်လို့ ထပ်မံရေး
ပေါက်စီလုံးတွေ... ဖွေး။

✦ မြင်သူငေးအောင် ကြိုးစားတယ်
မလျှော့ဇွဲနဲ့ရယ်၊
နောက်ဆုံးတော့ကွယ် သူ့ ဝလုံး
အားလုံးထဲမယ် ပြိုင်ဘက်ရှုံး
ဖိုးလမင်းကြီး... ပြုံးတယ်လေး။ ။

mgyoe.com



# ကမောက်ကမ

✦ မဆိုစကောင်း ဆိုစကောင်း
ကျွဲက နွားကို ကျောင်း။

✦ နှာခေါင်းပေါက်နဲ့ ဝါးပလွေ
မြွေဟောက် ထိုင်မှုတ်နေ၊
စမ်းချောင်းရေထဲ ငှက်ဒီးဒုတ်
ငါးတွေ မီးနဲ့ဖုတ်။

✦ ပုဆိုးစုတ်နဲ့ ပုတ်သင်ညို
ဟာစ်ဟော့ သီချင်းဆို၊
ဆေးပြင်းလိပ်တို ဟန်နဲ့ခဲ
တီကောင် ပါးစပ်ပြဲ။

✦ ရွှံ့ညွန်ထဲမှာ ငြိမ့်နေသည်
တောက်တဲ့ ခြေတံရှည်၊
ဗျိုင်းဝေသာလီ နေမကောင်း
ကဏန်းကျင်းထဲ... အောင်း။

✦ မဆိုစကောင်း ဥပမာ
ယုတ္တိ မရှိတာ၊
လာ မပြောနဲ့ အလကား
တို့ မယုံဘူး... သွား။ ။

mgyoe.com

mgyoe.com


# မောင်လူပေါ

✦ အကြွားသန်တဲ့ မောင်လူပေါ
လူတွေ ဘာပြောပြော။

✦ တသောသောနဲ့ လှောင်ကြပေ
ပြောင်ချင် ပြောင်ကြစေ၊
'ကြမ်းပိုး' ကိုလေ... 'လိပ်' ဖြစ်ကြောင်း
သူမို့ အပြောကောင်း။

✦ ပါးစပ်ညောင်းစေ မမှုပါ
ပင်ကို ဝါသနာ၊
ယုတ္တိ,ယုတ္တာ မရှိပြား
ပုံကြီးချဲ့တတ်သား။

✦ ယုံတမ်းစကား ဇာတ်လမ်းဆင်
ကလီကမာထွင်၊
လီဆယ်ဉာဉ်တွေ မြူးကွန့်ဦး
လုံးဝ... မယုံဘူးတဲ့လေး။ ။

mgyoe.com

## ရူပါ ပုတ်သင်ညို

✦ မန်ကျည်းကိုင်းမှာ စတိုင်ပေးလို့
တွေ့ငိုင်ငေးတဲ့ ကိုရူပါ။

✦ ရေမြေချိန်ခါ ဘယ်မသြောင်းဘု
သူ့အရောင်ကို ပြောင်းတတ်တာ။

✦ ခုလည်းကြည့်ပါ မိုးသံပေးတော့
ဦးခေါင်းရောင်သွေး စိမ်းပြာပြာ။

✦ အပျိုလိုချင် သူ့ကိုမေးတော့
အမြန်မနှေး ခေါင်းညိတ်ကာ။

✦ အုန်းညွန့်ဖူးတွေ ကိုက်ခြွေဖျက်တော့
လေးခွလက်နက် မိတော့မှာ
တိမ်းကာ... ယိမ်းရှာ။ ။

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


## အခါးမီသားစု

✦ 'ကိုခွေးတောက်' နဲ့ 'ခင်တမာ'
အိမ်ထောင်ကျခဲ့ရာ၊
တစ်နှစ်အကြာ ရင်သွေးရ
ချစ်လို့ ဘယ်မဝ။

✦ သားမောင်နာမ မှည့်ဖို့ရယ်
ခေါင်းစားလွန်းလှတယ်၊
အဲဒါကြောင့်ကွယ် မြန်မနေး
ရွာဦးကျောင်းကို ပြေး။

✦ အမည်ပေးမယ့် ဆရာတော်
မျိုးရိုးဂုဏ် ရှုမျှော်၊
တွက်ဆပြီးနော် မှည့်သဗျား
'မောင်မောင်ကြက်ဟင်းခါး' ... တဲ့လေး။ ။

mgyoe.com

mgyoe.com


# မြဂ်နိုင်ဂီတ

✦ လက်သံပြောင်တဲ့ ကျွဲပေါက်ကြီး
ဒိုးပတ်လွယ်လို့ တီး။

✦ စည်းချက်အညီ ကကွက်ဖော်
ဒေါင်းပျိုမလေးနော်၊
လည်တော်တော်ရှည် ကုလားအုတ်
တီးပေါ့ ဝါးလက်ခုပ်။

✦ ပလွေမှုတ်တဲ့ ရွှေသမင်
တတွီတွီ… နဲ့ပင်၊
ရှုတသံစဉ် ခါမလပ်
ကြက်တော လင်းကွင်းရှပ်။

✦ အဖြွတ်,အရပ် ပီသကို
ဥသြတေးချင်းဆို၊
နားဝင်ချိုလို့ ကျား,ခြင်္သေ့
သိပ်ကို မနော‌ခွေ။

✦ သဘောတွေ့လို့ အားပေးတာ
'ဝမ်းစမိုး' တဲ့ကွာ၊
ဝမ်းသာအားရ ဆုတွေချ
မျောက်ညိုကျွမ်းထိုး… ပြတယ်လေး။ ။

mgyoe.com

mgyoe.com


# သားရဲ့ဝလုံး

✦ မြဲမြဲမြံမြံ ခဲတံကိုင်
ဝလုံးရေးဖို့ ထိုင်၊
သားနိုင်သလောက် အရေးသွက်
ဝလုံးသံကွင်းဆက်။

✦ ဝိုင်းဝိုင်းစက်စက် ဖြစ်ဖို့ရာ
ကြိုးစားရေးလည်းကွာ၊
တွေ့ရတာက ဝက်အူချောင်း
ဖောင်းတဲ့အခါ... ဖောင်း။

✦ လက်တွေညောင်းစေ မမှုပေါင်
ဝလုံး ပိန်ပိန်ညှောင်၊
အပေါ်ထောင်တက် အောက်ဆင်းသက်
စိတ်တော့ ဘယ်မပျက်။

✦ နေ့ရက်များစွာ ကြာတော့ကွယ်
ဝိုင်းစက်လာပါတယ်၊
ဖေ,မေ ပြုံးရယ် ချီးကျူးကြ
ပါးပြင် ဘယ်ညာ မွှေး မဝ
ချက်ချင်း ဆုတွေ... ချတယ်လေး။ ။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


# ရန်မီးငြိမ်းပါ

✦ 'မောင်ဘဲဥ' နဲ့ 'မောင်ကြက်ဥ'
အချင်းချင်း... စိတ်ခု။

✦ စကားဘု-ဘောက် များတဲ့ခါ
ဒေါသထွက်လို့လာ၊
နောင်ချိန်ချကာ အသေနွှဲ
တခွပ်ခွပ်ပါပဲ။

✦ ခေါင်းတွေကွဲလို့ ကြေမွပြီ
ဒဏ်ရာတွေကိုယ်စီ၊
ရန်ဖြစ်ခြင်းသည် ခါမလပ်
ကောင်းကျိုးဘယ်ခါ မပေးတတ်
ညီထွေး စွဲလို့... မှတ်ပါလေး။ ။

mgyoe.com

mgyoe.com

# စနေနံ

✦ အစ်ကိုကြီးရဲ့ ဌာနေရယ်
‘တောင်ကြီး’ ... ရှမ်းပြည်နယ်၊
အစ်ကိုလတ်မယ် အိမ်ထောင်ကျ
‘တွံတေး’ သူနဲ့ဗျ။

✦ အစ်မကြီးရဲ့ ဖူးစာရှင်
‘တာချီလိတ်’ ... မြို့တွင်၊
မောင်အငယ်လျှင် သူ့အလုပ်
ရခိုင်နယ်... ‘တောင်ကုတ်’၊

✦ တယ်လည်းဟုတ်ပေ စနေနံ
အကျိုးပေး ထက်သန်
ဘဝကံက ထူးခြားမြဲ
ခပ်ပျော်ပျော်ပါပဲ။ ။

mgyoe.com

mgyoe.com


## မြန်မာ့ ဆေးမြီးတို

✦ တမာပင်အောက် သားသားရောက်
လက်ထဲမှာ... ခါးမောက်။

✦ တမာခေါက်ခွာ ရေနဲ့ပင်
သုံးခွက်တစ်ခွက်တင်၊
ကျိုလို့ပြီးလျှင် ခပ်နွေးနွေး
အသာငုံလို့ ထွေးထုတ်ပေး...
မကြာခဏ ငုံလို့ထွေး...
သွားကိုက်ပျောက်တဲ့... ဆေး။ ။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## သဘာဝ

✦ Rat(ရက်)ကြွက်ကလေး
ထုပ်တန်းပေါ်မှာ... ပြေး။

✦ သူ့နှုတ်ခမ်းမွေး အမြဲထောင်
Cat(ကက်)... ကြောင်၊
ယောင်လို့တောင်မှ မသိတော့
ကြွက်ငယ် နှပ်နေပေါ့။

✦ Dog(ဒေါ့)... ခွေးမြင်သော်၊
'ဝုတ်... ဝုတ်' ဟောင်သနော်၊
'ကတော်... ကတော်' တောင်းမှထွက်
Hen(ဟန်း)... ကြက်။ ။

mgyoe.com